# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး
# တတိယနေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃ ရက် )

[ ကြာသပတေးနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး အမျိုးသားလွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၁၄။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ တတိယနေ့အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၀)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၉၀.၄၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့ အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်။ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေးရဲ့ တတိယနေ့အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါ့မယ်။

ဒေါ်နော်မေးရီယန်၊ ကယား(၄)၊ အလုပ်ရုံဆွေးနွေးပွဲ။ ဒေါ်ရီရီမြင့်၊ မွန်(၁)၊ အမျိုးသမီး ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ။ ဒေါ်နန်းနီနီအေး၊ ကရင်(၆)၊ ကော်မတီဆိုင်ရာ အခမ်းအနား။ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ ငြိမ်းချမ်းရေးခရီးစဉ်။ ဗိုလ်မှူးနိုင်နိုင်ဝင်း၊ တပ်မတော်၊ ကော်မတီဆိုင်ရာ အခမ်းအနား။ ဦးရှုမောင်၊ ရှမ်း(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်(၁)၊ အမျိုးသမီး ရေးရာအစည်းအဝေး။ ဦးစိုးမြင့်၊ မကွေး(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသိန်းဝင်း၊ စစ်ကိုင်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခုတင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာ ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၀)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၂)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၉)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြု ထားသူ(၂၁)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်း တင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကိုသက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်း တွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်(၄)ဦး မေးမြန်းတဲ့ မေးခွန်းတွေဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**လက်ရှိ အခြေခံပညာ ဖွဲ့စည်းပုံစနစ် "သူငယ်တန်း (Grade-1) + ၄ + ၄ + ၂" အစား ပြောင်းလဲ ကျင့်သုံးအကောင်အထည်ဖော်မည့်စနစ်အား ပညာရေးလုပ်သား ဆရာ/ဆရာမများနှင့် မိဘပြည်သူ များသို့ အသိပေးရှင်းလင်းနိုင်ပါရန်နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနု က လက်ရှိ အခြေခံပညာ ဖွဲ့စည်းပုံစနစ် သူငယ်တန်း (Grade 1 ) + ၄ + ၄ + ၂ အစား ပြောင်းလဲကျင့်သုံး အကောင်အထည်ဖော်မည့် စနစ်အား ပညာရေးလုပ်သား ဆရာ/ဆရာမများနှင့်မိဘ ပြည်သူများသို့ အသိပေးရှင်းလင်းနိုင်ပါရန် နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနဲ့ ဧည့်သည်တော်များအားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါ စေလို့ ဆုတောင်းမေတ္တာပို့သရင်းနဲ့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၁၀)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးနု ဖြစ်ပါ တယ်။ ကျွန်တော့်အနေနဲ့ လက်ရှိအခြေခံပညာ ဖွဲ့စည်းပုံစနစ်ဖြစ်တဲ့ သူငယ်တန်း (Grade-1) က (၁)နှစ်၊ နောက် မူလတန်းအဆင့်မှာ (၄)နှစ်၊ အလယ်တန်းအဆင့် (၄)နှစ်နဲ့ အထက်တန်းအဆင့် (၂)နှစ် (4+4+2) စနစ်နဲ့ အစားထိုးပြောင်းလဲကျင့်သုံး အကောင်အထည်ဖော်မယ့် စနစ်ကို ပညာရေး လုပ်သား ဆရာ/ဆရာမများနဲ့ မိဘပြည်သူများထံ အသိပေးရှင်းလင်းနိုင်ဖို့အတွက် မေးမြန်းတင်ပြ သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်နဲ့ ကျွန်တော် တို့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ (၅)နှစ်သက်တမ်းခရီးဟာ ယခုအခါ ခရီးတစ်ဝက်ကျော်ခဲ့ပြီ ဖြစ်ပါတယ်။ အလားတူပဲ ပြည်ထောင်စုအစိုးရရဲ့ (၅)နှစ်ခရီးဟာလည်း တစ်ဝက်ကျော်ခဲ့ပြီ ဖြစ်ပါ တယ်။ မိမိတို့ ပြည်သူ့ကိုယ်စားလှယ်များအနေနဲ့သော်လည်းကောင်း၊ ပြည်သူအကျိုး၊ နိုင်ငံအကျိုး ကို ရေတိုရေရှည်စီမံကိန်းရည်မှန်းချက်များဖြင့် တိုက်ရိုက်သယ်ပိုးအကောင်အထည်ဖော် ဆောင်ရွက် နေကြတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ကုန်ခဲ့တဲ့ အချိန်ကာလအတွင်းမှာ ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးသယ်ပိုး ဆောင်ရွက်ခဲ့တဲ့ အချက်အလက်များနှင့်တကွ ဆောင်ရွက်ရန် ကျန်နေသည် များကို ကျန်ခရီးတစ်ဝက်ခန့်မှာ မဖြစ်မနေဆက်လက်ကြိုးပမ်း အကောင်အထည်ဖော်ကြရမယ့် အချိန်ကာလဖြစ်ကြောင်း အားလုံးသိရှိပြီး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော် သမ္မတကြီးက ၂၀၁၃ ခုနှစ်၊ ဇွန်လ(၂၅)ရက်နေ့က သမ္မတအိမ်တော်ဝင်း အစည်းအဝေးခန်းမမှာ ကျင်းပခဲ့တဲ့ နိုင်ငံတော်စီမံကိန်းကော်မရှင် အစည်းအဝေးပွဲမှာ အမြန်တိုးတက်ပြောင်းလဲမှုကို လိုလားနေကြတဲ့ ပြည်သူများအနေနဲ့ အခြေခံပြောင်းလဲတိုးတက်မှုများကို လက်ခံနိုင်စွမ်းမရှိသေးဘဲ အောက်ခြေမှာ ဒီအတိုင်းပဲ ဘာမှမထူးသေးဘူးဟူ၍ ဝေဖန်မှုများ ရှိနေပါကြောင်း၊ ထို့ကြောင့် ပြည်သူလူထု၏ သဘောထားအမြင်များကို အလေးထားပြီး မိမိတို့အစိုးရအနေဖြင့် အရှိန်အဟုန်ပြင်းပြင်းဖြင့် တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် သမ္မတကြီးက အလေးအနက် မိန့်ကြားသွားသည်ကို

ပြည်သူလူထုတစ်ရပ်လုံးက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုရင်းနဲ့ အောက်ခြေမှာ သိသိသာသာ တိုးတက်ပြုပြင်ပြောင်းလဲမည့် အခြေအနေအရပ်ရပ်တို့ကို ပြည်သူတစ်ရပ်လုံးက မျှော်လင့်စောင့်စားလျက်ရှိနေပါတယ်။ ထို့အပြင် ၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့မှာ ကျင်းပခဲ့တဲ့ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ရဲ့ ပုံမှန်အစည်းအဝေးမှာလည်းပဲ နိုင်ငံတော်သမ္မတကြီး ထည့်သွင်းမိန့်ကြားခဲ့တဲ့ ပညာရေးဆိုင်ရာ လမ်းညွှန်ချက်(၁၀)ချက်ထဲမှာ နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားရေးဟူသော အချက်အလက်ကို အလေးအနက် ဖော်ပြပါရှိကြောင်းလည်း တွေ့ရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူတစ်ရပ်လုံး အထူးအလေးအနက်ထား မျှော်လင့်စောင့်စားနေကြတဲ့ အကြောင်းခြင်းရာ များစွာထဲမှာ ပညာရေးဝန်ကြီးဌာနမှာ လက်ရှိအခြေခံပညာ ဖွဲ့စည်းပုံပြုပြင်ပြောင်းလဲကျင့်သုံး အကောင်အထည်ဖော်မယ့် အစီအစဉ်များနဲ့ စပ်လျဉ်းပြီးတော့ အခြေခံပညာနယ်ပယ်အတွင်း မရှင်းမလင်းဖြစ်နေကြသည်ဆိုသော အချက်အလက်မှာ ထိပ်တန်းမှာပါဝင်နေတဲ့ အကြောင်းအရာဖြစ်ကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိအခြေခံပညာဖွဲ့စည်းပုံဟာ သူငယ်တန်းနဲ့ Grade 1 မှာ (၁)နှစ်၊ Grade 1 နဲ့ သူငယ်တန်းကို တူညီတဲ့အမည်ပေးထားပြီးတော့ (၁)နှစ်၊ မူလတန်းအဆင့်မှာ (၄)နှစ်၊ အလယ်တန်းအဆင့်မှာ(၄)နှစ်နဲ့ အထက်တန်းအဆင့်မှာ (၂)နှစ် ဖြစ်တဲ့အတွက် Grade 1 (4+4+2)စနစ်ဖြင့် ဖြစ်နေတဲ့အတွက် အခြေခံပညာမူလတန်းအဆင့်မှာ သူငယ်တန်းမှ စတုတ္ထတန်းအောင်မြင်ကာ မူလတန်းအဆင့် သင်ယူပြီးမြောက်သည်အထိ ပညာသင်ကာလ(၅)နှစ်ဖြစ်ပြီးတော့၊ အလယ်တန်းအဆင့်မှာ ပဉ္စမတန်းမှ အဋ္ဌမတန်းအထိ အလယ်တန်းအဆင့် သင်ယူပြီးမြောက်ဖို့အတွက် ပညာသင်ကာလ(၄)နှစ်နဲ့ နဝမတန်းနဲ့ ဒသမတန်း အထက်တန်းအဆင့် သင်ယူပြီးမြောက်ရန်အတွက် ပညာသင်ကာလ(၂)နှစ် ဖြစ်နေသည့်အတွက် အခြေခံပညာသင်ယူပြီးမြောက်ရန် (၅+၄+၂) စုစုပေါင်း(၁၁)နှစ်ကြာ ပညာသင်ကာလ သတ်မှတ်ထားရှိကြောင်း တွေ့ရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတကာ ပညာရေးဖွဲ့စည်းပုံနဲ့ ပညာသင်ကာလနှစ်အရေအတွက်တို့ကို အာဆီယံဒေသတွင်းနိုင်ငံများနဲ့ နိုင်ငံတကာစံနှုန်းများပါ ကိုက်ညီစေဖို့အတွက် ပညာရေးဝန်ကြီးဌာနအနေဖြင့် ကြိုးပမ်းဖော်ဆောင်နေကြောင်း သိရ၍လည်း ဝမ်းမြောက်မဆုံး ဖြစ်ရပါတယ်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန် ပြင်းပြင်းဖြင့် ကြိုးပမ်းဖော်ဆောင်နေချိန်မှာ လူတိုင်းအလုပ် လုပ်ကြရမည့် အချိန်အခါမျိုးဖြစ်တဲ့အတွက် မူကြိုပညာရေးအခန်းကဏ္ဍဟာလည်း အလေးအနက်ထားစဉ်းစားရမှာ ဖြစ်တဲ့အတွက်ကြောင့် အခြေခံပညာကျောင်းတိုင်းမှာ မူကြိုပညာရေး ဖော်ဆောင်ပေးရန် အစီအစဉ်များကိုလည်း မျှော်လင့်နေကြပါတယ်။ အလားတူပဲ ကျောင်းဝင်သက်ကိုလည်း လက်ရှိ(၅)နှစ်သတ်မှတ်ချက်ကို ဆက်လက်ရှိနေရန် မိဘများက မျှော်လင့်လျက်ရှိကြောင်း သိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့ကနေ ၂၅ ရက်နေ့အထိ ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမမှာ ကျင်းပခဲ့တဲ့ အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ အခြေခံပညာကဏ္ဍမှာ အဆိုပြု တင်ပြချက်များနဲ့ အကြံပြုဆွေးနွေးချက်များအရ KG ကို မူလတန်းအဆင့် ပညာသင်ကာလအတွင်းမှာ ထည့်သွင်းသတ်မှတ်ထားပြီး KG + (၅) စုစုပေါင်း(၆)နှစ်ကာလဟာ မသင်မနေရမူလတန်းပညာသင်ကာလအဖြစ် သတ်မှတ်နိုင်ရန်အတွက် အကြံပြုထားပြီးတော့၊ အလယ်တန်းအဆင့်မှာ (၄)နှစ်၊ အထက်တန်းအဆင့်မှာ (၃)နှစ်၊ စုစုပေါင်းအခြေခံပညာသင်ယူပြီးမြောက်ဖို့

(၆+၄+၃) (၁၃)နှစ်ကြာကာလ စနစ်တကျ ပြောင်းလဲကျင့်သုံးရန်ရှိကြောင်း၊ ပြုပြင်ပြောင်းလဲမည့် မူဝါဒရေးရာများကိုလည်း ဆုံးဖြတ်နိုင်ဖို့အတွက် နိုင်ငံတော်အစိုးရရဲ့ လွှတ်တော်ကို တင်ပြသွားရန် လိုအပ်ပါကြောင်း အကြံပြုဆွေးနွေးခဲ့ကြောင်း သိရှိရပါတယ်။ ပြောင်းလဲလာမယ့် အခြေခံပညာရဲ့ အခန်းကဏ္ဍအစီအစဉ်များကို နိုင်ငံတော်အစိုးရသို့ တင်ပြအတည်ပြုချက် ရယူပေးခြင်း ရှိ/မရှိ မသိရသော်လည်း လွှတ်တော်သို့ တင်ပြခြင်း မရှိသေးကြောင်းလည်း တွေ့ရပါတယ်။ အဆိုပါ ပြုပြင်ပြောင်းလဲချက်များအရ ကျောင်းဝင်သက်(၅)နှစ် သတ်မှတ်မည်ဆိုပါက (၅)နှစ်အရွယ်ကလေးဟာ (၁၃)နှစ် ပညာသင်ကြားရမှာ ဖြစ်တဲ့အတွက်ကြောင့် (၁၈)နှစ်အရွယ်မှာ အခြေခံပညာ ပြီးဆုံးရန် ရှိနေကြောင်း လေ့လာသိရှိရပါတယ်။ ဒီလေ့လာတွေ့ရှိရတဲ့ သတင်းအချက်အလက်များ မှန်ကန်မှု ရှိ/မရှိ အများပြည်သူတို့ သိရှိရန် လိုလားလျက်ရှိပါကြောင်း အခြေခံပညာ သင်ယူပြီးမြောက်ပြီးတဲ့ နောက်ပိုင်းမှာ ယခု ကျင့်သုံးနေဆဲ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနက တာဝန်ယူကျင်းပနေတဲ့ အခြေခံ ပညာအထက်တန်း စာမေးပွဲဟာလည်း ဆက်လက်တည်ရှိရန် လို/မလို နဲ့ အခြေခံပညာ သင်ယူပြီး မြောက်သူတိုင်း မိမိတို့နှစ်သက်ရာ တက္ကသိုလ်သို့ ဝင်ခွင့်စိစစ်ရေး အစီအစဉ်ဖြင့် ဝင်ရောက် ခွင့်ပြုရေး အခွင့်အလမ်းပေးထားရန် အစီအစဉ် ရှိ/မရှိ တို့ကိုလည်း သိလိုကြကြောင်း စသည်ဖြင့် အခြေခံပညာကဏ္ဍာနဲ့ စပ်လျဉ်းပြီး မိမိတို့ ကြားသိမြင်တွေ့ရတဲ့ အချက်အလက်များအပေါ်မှာ အခြေခံလျက် ဝေဖန်ပြောဆိုလျက်ရှိကြောင်း သိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ကျွန်တော်တင်ပြချက်များကို ပိုမိုရှင်းလင်းလွယ်ကူစွာ သိရှိနိုင် စေရန်အတွက် Power Point ဇယားဖြင့် ကျွန်တော်တင်ပြရန် ရှိပါတယ်၊ တင်ပြခွင့်ပြုပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။ ယခုတင်ပြထားတဲ့ ဇယားကတော့ဖြင့် ကျောင်းသားအုပ်စုလိုက် အခြေခံပညာကဏ္ဍာမှာဆိုရင် နှစ်အလိုက် ဆောင်ရွက်မယ့်လုပ်ငန်းဇယား ဖြစ်ပါတယ်။ လက်ရှိ ပညာသင်နှစ်ဖြစ်တဲ့ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်က စပြီးတော့ အကြိုကာလဖြစ်ပြီးတော့ Grade-1 မှ Grade-12 (၁၂)နှစ်ကာလအထိ သွားမယ့်ခရီးစဉ်ကို ခေါင်းစီးပေးထားတာဖြစ်ပြီး ၂၀၁၃-၂၀၁၄ ပညာသင်နှစ်က အကြိုပြောင်းလဲသွားမယ့် ပညာရေးစနစ်ရဲ့ အကြိုကာလအဖြစ် စီစဉ်ထားကြောင်း တွေ့ရမှာ ဖြစ်ပါတယ်။ စတင်ပြောင်းလဲမယ့် ခုနှစ်ကတော့ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ဖြစ်ပြီးတော့ KG တန်းကို သင်ရိုးညွှန်းတမ်းတွေရော၊ စာအုပ်တွေပါ စတင်ပြောင်းလဲသွားဖို့ ရှိနေပါ ကြောင်း အဆိုပါ ဆွေးနွေးပွဲကြီးက အကြံပြုထားကြောင်း သိရပါတယ်။ အလားတူပဲ ၂၀၁၅-၂၀၁၆ ခု ပညာသင်နှစ်မှာဖြင့် Grade-1 လို့ ခေါ်တဲ့ မူလတန်းအဆင့် ပညာသင်ရေး (၅)နှစ်ခရီးကို ဆက်ဖို့ ပြင်ဆင်ထားတာဖြစ်ပြီး ၂၀၁၆-၂၀၁၇ ခုနှစ် ပညာသင်နှစ်မှာတော့ဖြင့် အလယ်တန်းအဆင့် Grade-6 မှာ ရောက်နေတဲ့ Grade-6 ကစတင်ပြီးတော့ စနစ်သစ်နဲ့ ပြုပြင်ပြောင်းလဲသွားမယ် ဆိုတဲ့ အကြံပြုချက်များ ဖော်ပြထားကြောင်း တွေ့ရမှာ ဖြစ်ပါတယ်။

၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာတော့ဖြင့် အထက်တန်းပညာ Grade-10 ကို စတင်ပြီး တော့ စနစ်သစ်နဲ့ (၃)နှစ် သင်ကြားသွားတော့မည်ဆိုတဲ့ အစီအစဉ်များကို အဆိုပါ အကြံပြုချက်၌ တွေ့ရမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဤကဲ့သို့ ဖော်ပြချက်များအရ မူလတန်းအဆင့်ကို လာမယ့် ပညာသင်နှစ်ဖြစ်တဲ့ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်ကစပြီးတော့ KG မှာ စတင်တော့မှာဖြစ်တဲ့အတွက် ပညာရေးစနစ်တစ်ခု စတင်လျှောက်လှမ်းကြတော့မယ့် ကလေးဟာ မိမိတို့ လျှောက်လှမ်းရမယ့်

(၁၃)နှစ်ခရီးအတွက်ကို စတင်လျှောက်လှမ်းကြတော့မယ့် အစပထမနေ့ဟာ လာမယ့် ပညာသင်နှစ် ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ခုနှစ်မှာတော့ဖြင့် Grade-1 က စတင်တော့မှာ ဖြစ်တဲ့အတွက်ကြောင့် လာမယ့်ပညာသင်နှစ်မှာ ရောက်ရှိနေမယ်၊ ၂၀၁၅-၂၀၁၆ မှာ ရောက်ရှိနေမယ့် Grade-1 မှာ ရောက်တဲ့ ကလေးတွေဟာလည်း (၅)နှစ်ခရီး ဆက်ကြရမှာဖြစ်တဲ့အတွက် စုစုပေါင်း KG ရော မူလတန်းအဆင့်မှာဆိုရင် (၆)နှစ်ခရီးကို ဆက်ကြရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဤပြောင်းလဲမှုများကို ပြန်ကြည့်မယ်ဆိုရင် မိမိတို့ လက်ရှိ ပညာသင်ကြားနေတဲ့ စနစ်ဟောင်းအရ လက်ရှိသင်ကြားနေတဲ့ ကလေးတွေဟာ ဘယ်အတန်းက ဘယ်လို ဆက်လိုက်ရမလဲဆိုတဲ့ အတွေးများဟာ ကနေ့ မိဘပြည်သူများထဲမှာ သို့လောသို့လော တွေးတောနေကြတဲ့ ကျောင်းဆရာများကို ဒီအကြံပြုချက်များပါ ဇယားအရ ဆိုမယ်ဆိုရင် ၂၀၁၆-၂၀၁၇ ခုနှစ်မှာ အလယ်တန်းအဆင့် စတင်ပြောင်းလဲသွားတော့မှာ ဖြစ်တဲ့အတွက် လက်ရှိ ပညာသင်နှစ် ဖြစ်တဲ့ Grade-3 မှာ ရောက်နေကြတဲ့ ကလေးအားလုံးဟာ ပြောင်းလဲသွားမယ့် ပညာရေးစနစ်မှာ လိုက်ပါပြီးတော့ (၄)နှစ်ခရီး၊ အထက်တန်း(၃)နှစ်ခရီး အလယ်တန်း(၄)နှစ်ခရီး၊ အထက်တန်း(၃)နှစ်ခရီးကို ခရီးဆက်ကြရမှာဖြစ်ကြောင်း ဖော်ပြနေတာ ဖြစ်ပါတယ်။ အလားတူပါပဲ ၂၀၁၇-၂၀၁၈ ခုနှစ်မှာ အထက်တန်းကို စတင်ပြောင်းလဲတော့မယ်ဆိုတဲ့ အကြံပြုချက်ကို တွေ့ရှိနေရတဲ့အတွက် အထက်တန်းအဆင့်မှာ (၃)နှစ်ခရီးကို ဆက်ကြရမယ့် ကျောင်းသား/ကျောင်းသူများအတွက် မိမိတို့ (၃)နှစ်ခရီးကို လက်ရှိ ပညာသင်နှစ်မှာရောက်နေကြတဲ့ ကလေးများနဲ့ Grade-6 ကိုရောက်တဲ့ ကလေးများဟာ လက်ရှိပညာသင် ပြောင်းလဲမယ့်စနစ်ရဲ့ Grade-10 မှာ စတင်ပညာသင်ကြားတော့မယ်ဆိုတဲ့ ဇယားကို ပြနေတာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဇယားပါ အချက်အလက်များကို ကြည့်ခြင်းအားဖြင့် လက်ရှိပညာသင်စနစ်နဲ့ သွားနေကြတဲ့ ကလေးများ၊ မိဘများ၊ အုပ်ထိန်းသူများဟာ မိမိတို့ သားသမီးများဟာ ပြောင်းလဲလာမယ့် ပညာရေးစနစ်မှာ ဘယ်လိုအတန်း၊ ဘယ်လိုစနစ်နဲ့ ပြုပြင်ပြောင်းလဲရင်းနဲ့ အနာဂတ်ပြောင်းလဲမယ့် ပညာရေးစနစ်မှာ လိုက်ပါရမလဲဆိုတဲ့ အချက်အလက်ကို အလေးအနက် စဉ်းစားမျှော်လင့်နေကြကြောင်း တင်ပြလိုပါတယ်။ အခု ဖော်ပြတဲ့ Slide မှာတော့ ဆောင်ရွက်မယ့် နှစ်အလိုက်ဇယား ဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာတော့ အကြိုကာလ ဖြစ်တဲ့အတွက်ကြောင့် လာမယ့် ပညာသင်နှစ်က စတော့မယ့် ပြောင်းလဲမယ့်စနစ်ကြီးအတွက် ကြိုတင်ပြင်ဆင်တဲ့ ကာလလို့ ဆိုပါတယ်။ အဲဒီကြိုတင် ပြင်ဆင်မယ့်ကာလဟာလည်းပဲ အခုအခါမှာ အချိန်အနည်းငယ်သာ ကျန်တော့တဲ့အတွက်ကြောင့် ကြိုတင်ပြင်ဆင်ရင်းနဲ့ လျှောက်လှမ်းမယ်ဆိုတဲ့ အချက်ကို ပညာရေးဝိုင်းတော်သား ဆရာ/ဆရာမများနဲ့ မိဘများဟာ သိလိုတဲ့အချက် မြောက်မြားစွာ ရှိနေကြောင်းသိပါတယ်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာတော့ဖြင့် KG တန်းကို စတင်ပြီးတော့ စနစ်သစ်နဲ့ သင်ရိုးသစ်တွေနဲ့ စာအုပ်သစ်တွေနဲ့ စတင်သင်ကြားတော့မယ့် ဇယားဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ခုနှစ်မှာတော့ဖြင့် မူလတန်းအဆင့်ကို Grade-1 က စတင်ပြီး (၅)နှစ်ခရီး ဆက်ကြရတော့မယ်ဆိုတဲ့ အစီအစဉ်ပဲ ဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာတော့ အလယ်တန်းပညာသင်ကြားမှုကို (၄)နှစ်ခရီးနဲ့ ဆက်ကြရတော့မယ်ဆိုတဲ့ ဇယားဖော်ပြချက်ဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ နှစ်မှာတော့ဖြင့် အထက်တန်းပညာကို Grade-10 to 12 (၃)နှစ်ခရီး ဆက်လက်ရတော့မယ်ဆိုတဲ့

ဖော်ပြချက်ဖြစ်ပါတယ်။ ဤနည်းအားဖြင့် အခု အကြိုကာလဖြစ်တဲ့ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှသည် ၂၀၁၉-၂၀၂၀ ခုနှစ်မှာဖြင့် ပြုပြင်ပြောင်းလဲတော့မယ်လို့ မျှော်လင့်ပြီးတော့ ကြိုးပမ်းနေတဲ့ ပညာရေးစနစ်ကြီးက အားလုံး ပြီးဆုံးသွားမယ်ဆိုတဲ့ အနေအထားများကို လေ့လာသိရှိရကြောင်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိအခြေခံပညာဖွဲ့စည်းပုံနဲ့အတူ ပြုပြင်ပြောင်းလဲရမယ့် လုပ်ငန်းကြီးမှာ ထုထည်ကြီးမားလှသော်လည်း ပြုပြင်ပြောင်းလဲတော့မည့်ကာလ အလွန်နီးကပ် နေပြီဖြစ်တဲ့အတွက် မိဘပြည်သူတို့နှင့် လက်တွဲကာ မလွဲမသွေဖော်ဆောင်ရမည်ဖြစ်တဲ့အတွက် ပြည်သူတို့အား အသိပေးဆောင်ရွက်သင့်သည်များကို နှောင့်နှေးကြန့်ကြာခြင်း မရှိစေရန် အလွန်အရေးကြီးလှပါတယ်။ လွတ်လပ်ရေးရပြီးသည်မှ ယနေ့တိုင် ရေရှည်တည်တံ့ခိုင်မြဲတဲ့ ပညာရေးစနစ် ချမှတ်နိုင်ခဲ့ခြင်း မရှိ၍ ငယ်ရွယ်နုနယ်သော ကျောင်းသား/ကျောင်းသူတို့မှာ အစမ်းသပ်ခံဘဝဖြင့် ကာလရှည်လျားစွာ ပညာရေးခရီးလမ်း လျှောက်လှမ်းခဲ့ရ၍ မိမိတို့နိုင်ငံတွင် နစ်နာခဲ့ကြောင်း မိဘပြည်သူများက ဝေဖန်ထောက်ပြကြရင်းနဲ့ အာဆီယံနိုင်ငံအတွင်းမှာရှိတဲ့ နိုင်ငံတကာအဆင့်မီ အခြေခံပညာစနစ် ဖွဲ့စည်းမှုပုံစံနဲ့ အပြောင်းအလဲများကို ပီပီပြင်ပြင် ဖော်ဆောင်နိုင်ရန် ပြည်သူတစ်ရပ်လုံးက မျှော်လင့်စောင့်စားလျက်ရှိနေကြပါတယ်။

သို့ပါ၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် တိကျရေရာ ခိုင်မာသည့် ပညာရေးစနစ်တစ်ခု ချမှတ်အကောင်အထည်ဖော်ရန် အချိန်တန်နေပြီ ဖြစ်ကြောင်းလည်း အကြံပြုလိုပါတယ်။ အဆိုပါ ပြောင်းလဲကျင့်သုံး အကောင်အထည်ဖော်ရန် လုပ်ငန်းများကို လက်ရှိ ၂၀၁၃-၂၀၁၄ ခုနှစ် ပညာသင်နှစ်မှသည် ၂၀၁၉-၂၀၂၀ ခုနှစ် ပညာသင်နှစ်အထိ (၇)နှစ်တာကာလအတွင်း အပြီး အကောင်အထည်ဖော်ရန် ရည်ရွယ်ထားကြောင်းလည်း ကြားသိရသော်လည်း ပညာရေးလုပ်သား ဆရာ၊ ဆရာမများနှင့် မိဘပြည်သူများအတွင်း ပွင့်လင်းမြင်သာ ယနေ့တိုင် ရှင်းရှင်းလင်းလင်း အတည်ပြု အသိပေးကြေညာထားခြင်း မရှိသေးသည်မှာ စိုးရိမ်ပူပန်စရာတစ်ခုအဖြစ် ရှုမြင်ကြကြောင်း သိရှိရပါတယ်။

သို့ပါ၍ ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေဖြင့် လက်ရှိ အခြေခံပညာ ဖွဲ့စည်းပုံစနစ် သူငယ်တန်း(Grade-1)တစ်နှစ်၊ မူလတန်း(၄)နှစ်၊ အလယ်တန်း(၄)နှစ်နဲ့ အထက်တန်း(၂)နှစ်၊ Grade-1+4+4+2 အစား ပြောင်းလဲကျင့်သုံး အကောင်အထည်ဖော်မည့် စနစ်အား နိုင်ငံတော်အဆင့် အတည်ပြုသတ်မှတ်ပေးခြင်း ရှိ/မရှိ၊ ဒုတိယမေးခွန်းကတော့ အတည်ပြု သတ်မှတ်ပြီးပါကလည်း မည်သည့်ပညာသင်နှစ်တွင် စတင်၍ ပြီးစီးရန် အချိန်ကာလ မည်မျှကြာမည်ဖြစ်ကြောင်းနဲ့ မေးခွန်း(၃)ကတော့ ပြောင်းလဲကျင့်သုံး အကောင်အထည်ဖော်မည့် အခြေခံပညာ ဖွဲ့စည်းပုံစနစ်အား ပြည့်ပြည့်စုံစုံ အတည်ပြု ရှင်းလင်းဖြေကြားပေးနိုင်ပါရန် အများပြည်သူတို့၏အကျိုး၊ နိုင်ငံတော်အကျိုးကို ရှေးရှုလျက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးများစွာတင်ပါတယ်။

**အင်္ဂပူမြို့နယ်၊ အင်ပင်ကုန်းကျေးရွာအုပ်စု၊ မြစ်ပုတ်ကုန်းကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး တွဲဖက်အခြေခံပညာမူလတန်းကျောင်းအား အခြေခံပညာမူလတန်းကျောင်း(ခွဲ) သို့မဟုတ် အခြေခံပညာမူလတန်းကျောင်းအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာဌေးဝင်း က အင်္ဂပူမြို့နယ်၊ အင်ပင်ကုန်းကျေးရွာအုပ်စု၊ မြစ်ပုတ်ကုန်းကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး တွဲဖက်အခြေခံပညာမူလတန်းကျောင်းအား အခြေခံပညာမူလတန်းကျောင်း(ခွဲ) သို့မဟုတ် အခြေခံပညာ မူလတန်းကျောင်းအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၄။**

**ဒေါက်တာဌေးဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီး အပါအဝင် အားလုံးကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး အမှတ်(၅) မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဌေးဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်၊ အင်ပင်ကုန်းကျေးရွာအုပ်စု၊ မြစ်ပုတ်ကုန်းကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး တွဲဖက်အခြေခံပညာမူလတန်းကျောင်းအား အခြေခံပညာမူလတန်းကျောင်း(ခွဲ) သို့မဟုတ် အခြေခံပညာမူလတန်းကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးပါရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

အင်္ဂပူမြို့နယ်၊ အင်ပင်ကုန်းကျေးရွာအုပ်စု၊ မြစ်ပုတ်ကုန်းကျေးရွာသည် အိမ်ခြေ(၁၀၀)ခန့်၊ လူဦးရေ(၅၃၂)ဦး နေထိုင်ပြီး ကျေးရွာလူထုသည် လယ်ယာလုပ်ငန်းနှင့် တံငါလုပ်ငန်းများ လုပ်ကိုင်စားသောက်လျက် ရှိကြပါတယ်။ ရွာ၏ပတ်ဝန်းကျင်မှာ ရိုးချောင်းများ အသွယ်သွယ် စီးဆင်းနေသည့်အတွက် ပတ်ဝန်းကျင်ကျေးရွာများသို့ သွားလာရန် လမ်းပန်းဆက်သွယ်ရေး ခက်ခဲလှပါတယ်။ ဤရွာကလေးသည် မူလတန်းအဆင့် ကျောင်းနေအရွယ် ကလေးငယ်ပေါင်း (၇၀)ကျော် ရှိပါတယ်။ ကျေးရွာရပ်မိရပ်ဖများ၊ ကျောင်းကော်မတီများအနေဖြင့် မူလတန်းကျောင်းဖြစ်မြောက်ရန် အထူးလိုလားလျက် ရှိကြပါတယ်။ သို့အတွက် ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းဆောင် (၁)ဆောင်၊ ပေ(၅၀)၊ ပေ(၂၀)၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း ဆောက်လုပ်ပြီးတော့ (၃)မိုင်ခန့်ကွာဝေးတဲ့ ပင်မကျောင်းဖြစ်တဲ့ ရေပျင်းချောင်း မူလတန်းလွန်ကျောင်း အင်္ဂပူမြို့နယ်နဲ့ တွဲဖက်ပြီးတော့ တွဲဖက်မူလတန်းကျောင်းအဖြစ် ဆရာ/ဆရာမများ ငှားရမ်း သင်ကြားပေးလျက် ရှိပါတယ်။

၎င်းတွဲဖက်မူလတန်းကျောင်းလေးတွင် စာသင်ခုံ၊ ပရိဘောဂများလည်း ထိုက်သင့်သလောက် ပြည့်စုံစွာရှိပါတယ်။ ပတ်ဝန်းကျင်ကျေးရွာစုလေးများဖြစ်တဲ့ ကျီးတောကုန်း၊ ကျောင်းကုန်း၊ ချင်းကုန်းရွာများမှလည်း ဤကျောင်းသို့ လာရောက်၊ မှီခိုတက်ရောက်နိုင်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် အင်္ဂပူမြို့နယ်၊ အင်ပင်ကုန်းကျေးရွာအုပ်စု၊ မြစ်ပုတ်ကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး တွဲဖက်အခြေခံပညာ မူလတန်း

ကျောင်းအား အခြေခံပညာမူလတန်းကျောင်း(ခွဲ) သို့မဟုတ် အခြေခံပညာ မူလတန်းကျောင်း အဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးပါရန် အစီအစဉ် ရှိ/မရှိ ဒေသခံပြည်သူများကိုယ်စား အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ရေနံချောင်းမြို့နယ်၊ ဆေးပုလဲတောကျေးရွာ၊ အမှတ်(၉၄)အခြေခံပညာမူလတန်းကျောင်းမှ အန္တရာယ်ရှိကျောင်းဆောင်အား ဖျက်သိမ်းခွင့်ပြုပေးပြီး နိုင်ငံတော်အစိုးရမှ ပေ(၁၂၀ x ၃၀) ကျောင်းဆောင်သစ် တစ်ဆောင် ဆောက်လုပ်ပေးရန် နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း က ရေနံချောင်းမြို့နယ်၊ ဆေးပုလဲတောကျေးရွာ၊ အမှတ်(၉၄)အခြေခံပညာမူလတန်းကျောင်းမှ အန္တရာယ်ရှိ ကျောင်းဆောင်အား ဖျက်သိမ်းခွင့်ပြုပေးပြီး နိုင်ငံတော်အစိုးရမှ ပေ (၁၂၀ x ၃၀) ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန်နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၇။**

**ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ပြည်ထောင်စု ဒုတိယဝန်ကြီးများ အားလုံးမင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ငြိမ်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၊ ဆေးပုလဲတောကျေးရွာ၊ အမှတ်(၉၄) အခြေခံပညာမူလတန်းကျောင်း၊ အန္တရာယ်ရှိကျောင်းဆောင်အား ဖျက်သိမ်းခွင့်ပြုပေးပြီး နိုင်ငံတော် အစိုးရမှ ပေ(၁၂၀ x ၃၀) ကျောင်းဆောင်သစ် တစ်ဆောင် ဆောက်လုပ် ပေးရန်ကိစ္စပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ ချောင်းဆုံကျေးရွာအုပ်စု၊ ဆေးပုလဲတောကျေးရွာ၊ အမှတ်(၉၄)အခြေခံပညာမူလတန်းကျောင်းဟာ ၁၉၈၇ ခုနှစ်ကတည်းက တစ်ထပ်ကျောင်းဆောင် (၆)ပင် (၅)ခန်း၊ အလျား (၄၅) ပေ၊ အနံ (၂၀) ပေ၊ (၃) လက်မရှိပြီး သွပ်မိုး၊ အုတ်ကာ၊ မြေနီခင်း ကျောင်းဆောင် ဖြစ်ပါတယ်။ အဆိုပါကျောင်းဆောင်ကို ၁၉၈၇ ခုနှစ် ကတည်း က ဆောက်လုပ်ခဲ့ရာ အခုဆိုရင် (၂၆) နှစ်ကြာမြင့်ခဲ့ပြီဖြစ်ပြီး စာသင်ကြား၍ မရနိုင်လောက်အောင် ပျက်စီးနေပါတယ်။ ယခုအချိန်တွင်လည်း ထိုကျောင်းဆောင်ထဲမှာ ကျောင်းသား/ကျောင်းသူများကို စာသင်ကြားနိုင်ခြင်း မရှိပါဘူး။ အမိုး၊ အကာများ ပြိုကျပျက်စီးမည့် အနေအထား ဖြစ်နေပါတယ်။ မှတ်တမ်းဓာတ်ပုံများနဲ့လည်း ပူးတွဲတင်ပြထားပါတယ်။

အဆိုပါ အန္တရာယ်ရှိကျောင်းဆောင် ဖျက်သိမ်းရေးနဲ့ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးရုံးသို့ ရေနံချောင်းမြို့နယ်၊ ပညာရေးမှူးရုံး၏ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်စွဲပါ စာအမှတ်၊ ၄/ထောက် ၅/၉၂၃/၂၀၁၂ ဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ထောက်ခံချက်၊

မြို့နယ်ပညာရေးမှူး၏ ထောက်ခံချက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးတို့၏ ထောက်ခံချက်တို့ဖြင့် တင်ပြထားပြီးလည်း ဖြစ်ပါတယ်။ ထောက်ခံချက်များနဲ့လည်း ပူးတွဲတင်ပြထားပါတယ်။

ဒါကြောင့် အန္တရာယ်ရှိကျောင်းဆောင်အား ဖျက်သိမ်းခွင့်ပြုပြီး နိုင်ငံတော်အစိုးရမှ ပေ(၁၂၀ x ၃၀) ကျောင်းဆောင် (၁)ဆောင် ဆောက်လုပ်ပေးနိုင်ပါရန် တင်ပြတောင်းခံအပ်ပါတယ်။ သို့ပါ၍ အန္တရာယ်ရှိကျောင်းဆောင်အား ဖျက်သိမ်းခွင့်ပြု၍ ကျောင်းဆောင်သစ်(၁)ဆောင် ဆောက်လုပ်ပေးနိုင်ရေးအတွက် မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်၊ မည်သည့်အချိန်တွင် ဆောက်လုပ်ပေးမည်၊ မည်သည့်အချိန်တွင် ပြီးစီးအောင် ဆောင်ရွက်ပေးမည်တို့ကို သိရှိလိုပါသဖြင့် ဒေသခံကျေးလက်နေပြည်သူများကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မာန်အောင်မြို့နယ်၊ ဆင်နားချောင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာ အထက်တန်းကျောင်းအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် က မာန်အောင်မြို့နယ်၊ ဆင်နားချောင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာ အထက်တန်းကျောင်းအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၀။**

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အစည်းအဝေးကို တက်ရောက်လာကြသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့်တကွ ဧည့်သည်တော်များ အားလုံး နှလုံးစိတ်ဝမ်းငြိမ်းချမ်းကြပါစေလို့ ဆုတောင်းရင်း ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးအုန်းတင် က ရိုသေဂါရဝပြုပါတယ် ခင်ဗျား။ ကျွန်တော် ဒီနေ့ မေးရမယ့်မေးခွန်းကတော့ မာန်အောင်မြို့နယ်၊ ဆင်နားချောင်ကျေးရွာ အထက်တန်းကျောင်း(ခွဲ)အား အထက်တန်းကျောင်းအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆင်နားချောင်ကျေးရွာဟာ မာန်အောင်မြို့ရဲ့ အနောက်တောင်ဘက် (၂)မိုင်ခွဲခန့်အကွာမှာတည်ရှိပြီးတော့ တောထူကျေးရွာအုပ်စုရှိ ကျေးရွာတစ်ရွာ ဖြစ်ပါတယ်။ လူနေအိမ်ခြေ (၂၅၀)ခန့် ရှိပြီး၊ လူဦးရေ (၁၂၅၀) ကျော် ရှိပါတယ်။ မာန်အောင်ကျွန်းရဲ့ ကျွန်းပတ်လမ်းမကြီးနဲ့ ကျွန်းဖြတ်လမ်း နှစ်ခုကြားတွင် တည်ရှိပြီးတော့ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော ကျေးရွာတစ်ရွာ ဖြစ်ပါတယ်။ အလားတူ မင်းဆိပ်ပြင်ကျေးရွာအုပ်စု၊ ကင်းတဲကျေးရွာအုပ်စု၊ ကျီးညိုကျေးရွာအုပ်စု၊ လက်မဲပြင်ကျေးရွာအုပ်စုနဲ့ ကန်စွန်းကျေးရွာအုပ်စုတို့ဟာလည်းပဲ ဒီအနေအထားရှိ ကျွန်းရဲ့အတွင်းပိုင်းမှာ တည်ရှိကြပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော ကျေးရွာအုပ်စုများ ဖြစ်ကြပါတယ်။ ဒီကျေးရွာအုပ်စုက အလယ်တန်းအောင်ပြီးသော ကျောင်းသူ/ကျောင်းသားများဟာ

မာန်အောင်မြို့ပေါ်ရှိ အထက်တန်းကျောင်းသို့ တက်ရောက်သင်ကြားနိုင်ခြင်း မရှိကြဘဲ ဆင်နားချောင် အထက်တန်းကျောင်း(ခွဲ)ကိုသာ အဓိကထား၍ တက်ရောက် သင်ကြားနေကြရပါတယ်။ ဆင်နားချောင် အလယ်တန်းကျောင်းကို ၁၉၅၃ ခုနှစ်က ဖွင့်လှစ်ခဲ့ပြီးတော့ ၁၉၄၈ ခုနှစ်တွင် တွဲဖက်အထက်ကျောင်းအဖြစ်လည်းကောင်း၊ ၁၉၉၅ ခုနှစ်တွင် အထက်တန်းကျောင်း(ခွဲ)အဖြစ်လည်းကောင်း အဆင့်တိုးမြှင့် ဖွင့်လှစ်ခဲ့ကြောင်း သိရပါတယ်။

ယခုလက်ရှိအနေအထားမှာ ဆင်နားချောင် အထက်တန်းကျောင်း(ခွဲ)တွင် နဝမတန်း၌ ကျောင်းသားဦးရေ (၄၉)ဦးနှင့် ဒသမတန်းကျောင်းတွင် ကျောင်းသား (၁၇)ဦးတို့ ပညာဆက်လက်သင်ကြားပြီး အထက်တန်းပြဆရာ(၆)ဦး ရှိကြောင်း သိရပါတယ်။ ဆင်နားချောင် အ.လ.က ကျောင်းအား ဝန်းရံနေတဲ့ ကျေးရွာများမှာ အလွန်ကျယ်ဝန်းများပြားပြီး မြို့ပေါ်နဲ့ သွားလာရေး အခက်အခဲများ ရှိကြပါတယ်။ ဆင်နားချောင် အ.လ.က ကျောင်းဝန်းကျင်မှာ အဓိက ကျောထောက်နောက်ခံ အဖြစ် သင်္ဂဇာတွဲဖက် အ.လ.က ကျောင်း တစ်ကျောင်း ရှိပြီး ၎င်းကျောင်းမှ နှစ်စဉ်ကျောင်းသား (၁၀၀) ကျော်ခန့် ဆင်နားချောင် အ.လ.က သို့ တက်ရောက်သင်ကြားလျက် ရှိကြပါတယ်။ မြို့ အ.ထ.က သို့ သွားရောက်သင်ယူဖို့ အခက်အခဲကြောင့် မတက်ရောက်နိုင်ကြဘဲ ဆင်နားချောင် အ.လ.က ကျောင်းကိုသာ အဓိကထားပြီး တက်ရောက်ကြပါတယ်။

ဆင်နားချောင် အ.လ.က ကျောင်းဖွင့်လှစ်ခဲ့သည့်ကာလမှာ နှစ်ပေါင်း (၆၀) ရှိပြီဖြစ်ပြီးလျှင် ယခုလက်ရှိ အနေအထားအရ ၎င်းကျောင်းကို အဓိကထားနေကြရတဲ့ ကျေးရွာများမှာ အလွန်ကျယ်ပြန့်များပြားနေခြင်း၊ ထိုကျေးရွာများမှ ကျောင်းသားများအနေဖြင့် မြို့ အ.ထ.က သို့ သွားရောက်ကာ စာသင်ကြားရေးမှာ လမ်းပန်းဆက်သွယ်မှု အခက်အခဲများကြောင့် အခက်အခဲနှင့် ရင်ဆိုင်နေရခြင်း၊ ဒေသရဲ့ ထူးခြားတဲ့အခြေအနေအရ ဆင်နားချောင် အ.လ.က မှ အချက်အချာကျခြင်း စတဲ့အင်္ဂါရပ်များနဲ့ ပြည့်စုံနေခြင်းကြောင့် ဒီဆင်နားချောင် အ.ထ.က ကျောင်း(ခွဲ)ကို အ.ထ.က ကျောင်းအဖြစ်သို့ တိုးမြှင့်ပေးဖို့အတွက် ဒေသခံလူထုများက ကျွန်တော့်ဆီမှတစ်ဆင့် တင်ပြတောင်းဆိုလာကြပါတယ်။ မာန်အောင်မြို့နယ်ဟာ မာန်အောင်ကျွန်းပေါ်မှာ တည်ရှိပြီးတော့ လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲသော မြို့နယ်တစ်ခု ဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီးရုံးရဲ့ ၁၅-၃-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၀၁/၂၀၁၂ နဲ့ ထုတ်ပြန်တဲ့ ဝေးလံခေါင်သီမြို့နယ်(၈၇)မြို့နယ်မှာ တစ်မြို့နယ်အပါအဝင် ဖြစ်ပါတယ်။ ဒီမြို့နယ်ရှိ ပြည်သူများရဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဖွံ့ဖြိုးရေးတို့အတွက် နိုင်ငံတော်မှ အထူးကြပ်မတ်ဆောင်ရွက်ပေးရန် တာဝန်ရှိတယ်လို့ ကျွန်တော် ယူဆပါတယ်။

သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့ မေးခွန်းကတော့ (က) မာန်အောင်မြို့နယ်၊ ဆင်နားချောင်ကျေးရွာ အထက်တန်းကျောင်း(ခွဲ)အား အထက်တန်းကျောင်းအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ၊ (ခ) တိုးမြှင့်ပေးမည်ဆိုပါက မည်သည့်ပညာသင်နှစ်တွင် တိုးမြှင့်ပေးနိုင်ပါမည်နည်း၊ (ဂ) တိုးမြှင့်မပေးနိုင်ပါက အဘယ်ကြောင့်ပါနည်းဆိုတာကို သိလိုပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းမေးတဲ့အခါမှာ ခုနက ဦးနု က အကြံပြုပါတယ်ဆိုတာမျိုး ပါသွားတယ်။ အဲဒီတော့ ဒီ လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ ၁၁၂(က)မှာလည်း မဖြစ်ပေါ်သေးတဲ့ ကိစ္စနဲ့ စပ်လျဉ်းပြီး မည်သို့ဆောင်ရွက်သင့်ကြောင်း ဖော်ပြမေးမြန်းခြင်းမပြုရဆိုတာ ရှိပါတယ်။ ၁၁၃ မှာလည်း စည်းကမ်းချက်များ အကြောင်းကိစ္စ တစ်စုံတစ်ခုကိုသိလို၍ စုံစမ်းမေးမြန်းသော အချက်သာ ပါရှိရမည်ဖြစ်ပြီး ရှင်းလင်းလွယ်ကူစွာ နားလည်စေရန်မှတစ်ပါး ဒီလို ပါရှိပါတယ်။ (င) မှာ လိုအပ်ခြင်း မရှိဘဲ ရှည်လျားသောမေးခွန်း မဖြစ်စေရ။ ဆိုတော့ မေးခွန်းမေးတာတော့ အမျိုးမျိုးရှိတာပေါ့။ မသိလို့ မေးတာရှိတယ်။ သိသော်လည်း မရှင်းလို့ မေးတာရှိတယ်။ သိရက်သားနဲ့ မိမိသိမှန်း ပရိသတ်က သိစေချင်လို့ မေးတာရှိတယ်။ မိမိသိသလို ဖြေရမယ့်လူ သိရဲ့လားဆိုပြီးတော့ မေးတာမျိုးရှိတာပေါ့။ အဲဒီတော့ မေးတဲ့အခါမှာ အခုနလို အကြံပြုချက်ထည့်သွင်းခွင့် မရှိပါဘူး။ နော်.. ရိုးရိုးရှင်းရှင်း သိချင်တာကိုပဲ မေးဖို့လိုပါတယ်။

မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၄၆။**

**ဒေါက်တာစန်းလွင် (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆန္ဒပြုဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင် ဖြစ်ပြီးတော့ ကိုယ်စားလှယ်တော်ကြီးများရဲ့ မေးခွန်းများကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမဦးဆုံးဖြေကြားရမယ့် မေးခွန်းကတော့ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၁၀) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနု ရဲ့ ကြယ်ပွင့်ပြ မေးခွန်းပဲ ဖြစ်ပါတယ်။ မေးခွန်းကတော့ လက်ရှိ အခြေခံပညာဖွဲ့စည်းပုံစနစ် "သူငယ်တန်း + ၄ + ၄ + ၂" အစား ပြောင်းလဲ ကျင့်သုံး အကောင်အထည်ဖော်မည့်စနစ်အား ပညာရေးလုပ်သား ဆရာ/ဆရာမများနှင့် မိဘပြည်သူ များသို့ အသိပေးရှင်းလင်းနိုင်ပါရန် ဆိုတဲ့မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာန အနေနဲ့ မြန်မာနိုင်ငံရဲ့ ပညာရေးကို နိုင်ငံတကာအဆင့်မီ ဖြစ်စေရေးအတွက် လိုအပ်ချက်တွေကို ဖြည့်ဆည်းပြုပြင်နိုင်ဖို့ရန်အတွက် အမျိုးသားပညာရည်မြင့်မားရေး ဆွေးနွေးပွဲများကို နှစ်စဉ် ကျင်းပလျက်ရှိပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာ သုံးသပ်ရေးလုပ်ငန်း (Comprehensive Education Sector Review - CESR) ကို နိုင်ငံတော်ရဲ့ ခွင့်ပြုချက်နဲ့လည်း ဆောင်ရွက်နေပါတယ်။ ဒီပညာရည်မြင့်မားရေး ဆွေးနွေးပွဲများက တွေ့ရှိချက်၊ နောက်ပြီးတော့ ခုနက တင်ပြခဲ့တဲ့ CESR ရဲ့ တွေ့ရှိချက်များအရ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အခြေခံပညာရေး ဖွဲ့စည်းပုံ၊ လက်ရှိ အခြေခံပညာရေးဖွဲ့စည်းပုံကတော့ ကျွန်တော်တို့ သူငယ်တန်း +

မူလတန်း(၄)နှစ်၊ အလယ်တန်း(၄)နှစ်၊ အထက်တန်း(၂)နှစ် စုစုပေါင်း(၁၁)နှစ် ဖြစ်ပါတယ်။ ကျွန်တော်တို့ အဲဒီစနစ်အစား စနစ်သစ်ကတော့ Kindergarten သူငယ်တန်း ဖြစ်ပါတယ်။ သူငယ်တန်း+၅+၄+၃၊ မူလတန်း(၅)နှစ်၊ အလယ်တန်း(၄)နှစ်၊ အထက်တန်း(၃)နှစ် ဆိုတဲ့ စနစ်ကို အစားထိုးကျင့်သုံးဖို့ သဘောတူပြီးတော့ စီမံချက်များ ရေးဆွဲနေပါတယ်။ အဲဒီ ကျွန်တော်တို့ KG+၅+၄+၃ ဆိုတဲ့ စနစ်သစ်အရ ရရှိလာနိုင်တဲ့ အကျိုးကျေးဇူးတွေ အနေနဲ့ကတော့ ပထမအချက် အနေနဲ့ သူငယ်တန်း (Kindergarten-KG) ကို အခြေခံပညာရေးစနစ်အတွင်း ထည့်သွင်းပြီးတော့ မသင်မနေရ ပြဋ္ဌာန်းသတ်မှတ်ခြင်းအားဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ (၅)နှစ်အရွယ်ကလေး အားလုံး မူကြိုပညာရေး သင်ယူနိုင်မှု အခွင့်အလမ်း အပြည့်အဝရရှိသွားမှာ ဖြစ်ပါတယ်။ ဒီလို အခွင့်အရေး အပြည့်အဝ ရရှိသွားမယ် ဆိုလို့ရှိရင် အာဆီယံဒေသအတွင်းမှာ မြန်မာနိုင်ငံရဲ့ မူကြို ပညာရေး လွှမ်းခြုံနိုင်မှု အနိမ့်ဆုံး ဖြစ်နေတဲ့ အနေအထားကို ကာလတိုအတွင်း မြင့်မားအောင် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

ဒုတိယအချက်အနေနဲ့ကတော့ အသက်(၅)နှစ်ပြည့်ပြီးသူ ကလေးတိုင်း KG ကို သူငယ် တန်းကို တက်ရောက်သင်ကြားနိုင်မှာ ဖြစ်တဲ့အတွက် ကလေးအသက်(၅)နှစ် ပြည့်လို့ရှိရင် ကျောင်းအပ်လိုတဲ့ မိဘများရဲ့ဆန္ဒကိုလည်းပဲ ဖြည့်ဆည်းပေးနိုင်မှာ ဖြစ်ပါတယ်။ တတိယအချက် အနေကတော့ ကျွန်တော်တို့ KG မှာ လက်ရှိ သူငယ်တန်းမှာ စာသင်သလိုမျိုး မသင်ဘဲနဲ့ ဆော့ကစားခြင်းဖြင့် လေ့လာသင်ယူစေခြင်း (Learning Through Playing) ဆိုတာနဲ့၊ စနစ်နဲ့ သင်ကြားသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျောင်းသားကလေးတွေအနေနဲ့ အသိပညာ၊ ကာယ၊ စာရိတ္တများ ဖွံ့ဖြိုးခြင်း၊ ဘာသာစကားစွမ်းရည်၊ လူမှုဆက်ဆံရေးစွမ်းရည်များ တိုးတက် လာပြီးတော့ ကျောင်းတက်ရန် ပျော်တဲ့ကလေး၊ ကျောင်းတက်ရန် အဆင်သင့်ဖြစ်နေတဲ့ ကလေးများ အဖြစ် ပေါ်ထွက်လာမှာ ဖြစ်ပါတယ်။ ဒီရည်ရွယ်ချက်တွေနဲ့ ကျွန်တော်တို့ စနစ်သစ် KG +၅+၄+၃ ကို အစားထိုးဖို့ ကြိုးစားနေခြင်းပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ကျောင်းအပ်တာက (၅)နှစ်ပြည့်မှ KG ကို စလက်ခံရမှာဖြစ်ပြီးတော့ ကျောင်းချိန်ကတော့ စုစုပေါင်း(၁၃)နှစ် ဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ကျောင်းသားများအနေနဲ့ အသက်(၁၈)နှစ်ပြည့်မှသာ အခြေခံပညာသင်ယူခြင်း ပြီးဆုံးမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ စနစ်သစ်ကို စတင်ရမယ့်အချိန်ကို သတ်မှတ်ထားခြင်း မရှိသေးပါဘူး။ ဒါ့အပြင် နိုင်ငံတော်အစိုးရထံသို့လည်း တင်ပြထားခြင်း မရှိသေးပါဘူး။ ဒါကြောင့် မို့လို့ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ အခုလောလောဆယ်ကတော့ စီမံချက်ရေးဆွဲ နေဆဲ အချိန်ကာလပဲ ဖြစ်ပါတယ်။ ဒီစီမံချက်ကို ရေးဆွဲပြီးရင်တော့ နိုင်ငံတော်အစိုးရနဲ့ လွှတ်တော် များသို့ တင်ပြပြီးတော့ အတည်ပြုချက်ရယူနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းကတော့ ဧရာဝတီတိုင်းဒေသကြီး အမှတ်(၅)မဲဆန္ဒနယ် အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဌေးဝင်း ရဲ့ မေးခွန်းပဲဖြစ်ပါတယ်။ ဒေါက်တာဌေးဝင်း ရဲ့ မေးခွန်းကတော့ အင်္ဂပူမြို့နယ်၊ အင်ပင်ကုန်းကျေးရွာအုပ်စု၊ မြစ်ပုတ်ကုန်းကျေးရွာ၊ ကိုယ့်အား ကိုယ်ကိုး တွဲဖက်အခြေခံပညာ မူလတန်းကျောင်းအား အခြေခံပညာမူလတန်းကျောင်း(ခွဲ) သို့မဟုတ် အခြေခံပညာမူလတန်းကျောင်းအဖြစ် တိုးမြှင့်ပေးရန် ဆိုတဲ့ မေးခွန်းနဲ့ ပတ်သက်ပါတယ်။

ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျောင်းသားဦးရေ၊ နယ်မြေဒေသအခြေအနေ ဒီ(၂)ချက်အပေါ်အခြေခံပြီးတော့ ကျောင်းအဆင့် တိုးတဲ့လုပ်ငန်းကို တစ်နှစ်လျှင်တစ်ကြိမ် ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ ပညာရေး ဝန်ကြီးဌာနအနေနဲ့ ၂၀၁၄ ပညာသင်နှစ်အတွက် ကျောင်းအဆင့်တိုးတဲ့လုပ်ငန်းကို ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီလက်ရှိပညာသင်နှစ် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာ အင်ပူ မြို့နယ်မှာ ကျွန်တော်တို့ ကျောင်းအဆင့်တိုး(၁၆)ကျောင်း၊ အခြေခံကျောင်းပေါင်း (၁၆)ကျောင်းကို ကျောင်းအဆင့် တိုးပေးခဲ့ ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျောင်းအဆင့်တိုးတာကို တစ်နှစ်လျှင် တစ်ကြိမ်ပဲ ဆောင်ရွက်နိုင်တဲ့ အကြောင်းအရင်းကတော့ ကျွန်တော်တို့ ကျောင်းအဆင့်တိုးတဲ့အခါမှာ လစ်လပ် နေရာတွေ ပေါ်ပေါက်လာပါတယ်။ လစ်လပ်နေရာတွေ ပေါ်ပေါက်လာလို့ရှိရင် ကျွန်တော်တို့က ဆရာ/ဆရာမတွေကို ပြောင်းရွှေ့ရပါတယ်။ ဆရာ/ဆရာမတွေကို ပြောင်းရွှေ့ရခြင်းကြောင့် သင်ကြားရေး အစီအစဉ်တွေ ထိခိုက်နိုင်ပါတယ်။ အဲဒီ သင်ကြားရေး အစီအစဉ်တွေ ထိခိုက်နိုင်တဲ့ အတွက်ကြောင့်မိုလို့ ကျွန်တော်တို့က ကျောင်းအဆင့်တိုးလုပ်ငန်းကို တစ်နှစ်လျှင် တစ်ကြိမ်ပဲ လုပ်ပါတယ်။ ဒီနှစ်အတွက် ဆောင်ရွက်ပေးပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ကျောင်းအဆင့် တိုးတဲ့လုပ်ငန်းကိုတော့ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ လောက်မှာ ဆောင်ရွက်ဖို့ရန် ကျွန်တော်တို့ ရည်ရွယ်ထားပါတယ်။ ဒါကြောင့်မိုလို့ ဧရာဝတီတိုင်း၊ အင်ပူမြို့နယ်၊ အင်ပင်ကုန်းကျေးရွာအုပ်စု၊ မြစ်ပုတ်ကုန်းကျေးရွာ ကိုယ်ထူကိုယ်ထကျောင်းအနေနဲ့ အဆင့်မြှင့်ပေးနိုင်ဖို့ရာအတွက် သက်ဆိုင်ရာကျောင်းအနေနဲ့ လုပ်ထုံးလုပ်နည်းများနဲ့အညီ အဆင့်ဆင့် တင်ပြထားရန် လိုအပ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆက်လက်ဖြေကြား ရမယ့် မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ငြိမ်း ရဲ့ မေးခွန်းပဲဖြစ်ပါတယ်။ ဦးအောင်ငြိမ်း ရဲ့ မေးခွန်းကတော့ ရေနံချောင်းမြို့နယ်၊ ဆေးပုလဲတောကျေးရွာ၊ အမှတ်(၉၄)အခြေခံပညာမူလတန်းကျောင်းမှ အန္တရာယ်ရှိ ကျောင်းဆောင်အား ဖျက်သိမ်းခွင့်ပြုပေးပြီး နိုင်ငံတော်အစိုးရမှ ပေ(၁၂၀ x ၃၀) ကျောင်းဆောင် သစ်တစ်ဆောင် ဆောက်လုပ်ပေးရန် ဆိုတဲ့မေးခွန်းပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာန အနေနဲ့ ကျောင်းဆောင်သစ်များ ဆောက်လုပ်ဖို့ရန်အတွက် အဆင့်ဆင့်စိစစ်ခြင်း ပြုလုပ်ရပါတယ်။ ပထမအနေနဲ့တော့ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်ကနေပြီးတော့ အန္တရာယ်ရှိ ကျောင်းဆောင်၊ ဥပဓိရုပ်မကောင်းသောကျောင်းများ၊ ကျောင်းသားဦးရေနဲ့ စာသင်ခန်း မမျှသော ကျောင်းများ ဆိုပြီးတော့ စိစစ်ပါတယ်။ ဆက်လက်ပြီးတော့ ကျွန်တော်တို့ သက်ဆိုင်ရာ အခြေခံ ဦးစီးဌာနများကနေပြီးတော့ ဆက်လက်ပြီးတော့ စိစစ်ပါတယ်။ ဆက်လက်စိစစ်လို့ ထွက်ပေါ်လာတဲ့ ကျောင်းဆောင်သစ်စာရင်းများကိုမှ ကျွန်တော်တို့ လာမယ့်ဘဏ္ဍာရေးနှစ်အတွက် ဘာလုပ်လဲ ဆိုတော့ စာရင်းပြုစုပါတယ်။ လာမယ့်ဘဏ္ဍာရေးနှစ်အတွက် ပြုစုပါတယ်။ အဲဒီနောက် ကျွန်တော်တို့ သက်ဆိုင်ရာ ကျောင်းဆောင်သစ်များကို ဆောက်လုပ်တဲ့အခါမှာ ကုန်ကျမယ့် အသုံးစရိတ်ကို ကျွန်တော်တို့က မတည်ငွေစာရင်းအောက်ကနေပြီးတော့မှ တွက်ချက်ထည့်သွင်း ရပါတယ်။

မတည်ငွေစာရင်းအောက်က ထည့်သွင်းတွက်ချက်ရတာ ဖြစ်တဲ့အတွက်လည်း ကျွန်တော်တို့ကတော့ ကျောင်းဆောင်သစ်များ ဆောက်လုပ်ခြင်းကိုလည်းပဲ တစ်နှစ်လျှင် တစ်ကြိမ်ပဲ ပြုလုပ်နိုင်ပါတယ်။ ကျွန်တော်တို့ ၂၀၁၃-၂၀၁၄ အတွက်လည်း လျာထားချက်များ ထားပြီးတော့ ဆောက်လုပ်နေပြီ ဖြစ်ပါတယ်။ ကျွန်တော်တို့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်းမှာ မကွေးတိုင်းဒေသကြီးမှာ ကျောင်း (၁၆၇)ကျောင်းမှာ ကျွန်တော်တို့ ကျောင်းဆောင်သစ်တွေ ဆောက်လုပ်ခဲ့ပါတယ်။ ရေနံချောင်းမြို့နယ်မှာတော့ ကျွန်တော်တို့ အခြေခံပညာကျောင်းပေါင်း (၅)ကျောင်းကို ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးခဲ့ပြီးဖြစ်လို့ ယခုနှစ် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာကတော့ ကျွန်တော်တို့ အဲဒီ ရေနံချောင်းမြို့နယ်၊ ဆေးပုလဲတောကျေးရွာ အမှတ်(၉၄) အခြေခံပညာ မူလတန်းကျောင်းနဲ့ ပတ်သက်ပြီးတော့ ဒီ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွင်းမှာတော့ ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆက်လက်ဖြေကြားရမယ့် မေးခွန်းကတော့ ရခိုင်ပြည်နယ် အမှတ်(၁၀)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအုန်းတင် ရဲ့ မေးခွန်းဖြစ်ပါတယ်။ ဦးအုန်းတင် က မေးမြန်းထားတဲ့ မေးခွန်းကတော့ မာန်အောင်မြို့နယ်၊ ဆင်နားချောင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် တိုးမြှင့်ပေးရန်ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအုန်းတင် ရဲ့ မေးခွန်းပါ လိုအပ်ချက်နဲ့ ပတ်သက်ပြီးတော့ ပညာရေးဝန်ကြီးဌာနက ဆောင်ရွက်ပေးရမယ့် လုပ်ငန်းစဉ်ဟာဆိုလို့ရှိရင် ဧရာဝတီတိုင်း အမှတ်(၅)မဲဆန္ဒနယ် ဒေါက်တာဌေးဝင်း ရဲ့ မေးခွန်းကို ဖြေကြားစဉ်က ပါသွားခဲ့တဲ့ လုပ်ငန်းစဉ်နဲ့ အတူတူပဲ ဖြစ်ပါတယ်။ ၂၀၁၃-၁၄ ပညာသင်နှစ်မှာ ကျွန်တော်တို့ ရခိုင်ပြည်နယ်အတွင်းမှာ ကျောင်း (၃၂၃)ကျောင်းကို အဆင့်တိုးမြှင့်ပေးခဲ့ပါတယ်။ မာန်အောင်မြို့နယ်မှာ အခြေခံပညာကျောင်း(၂)ကျောင်း တိုးမြှင့်ပေးခဲ့ပါတယ်။ ဒါကြောင့်မို့လို့ အခု တင်ပြလာတဲ့ မာန်အောင်မြို့နယ်၊ ဆင်နားချောင်ကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာ တိုးမြှင့်ပေးရန် အစီအစဉ် မရှိပါကြောင်းနဲ့ ကျွန်တော်တို့ ကျောင်းတိုးမြှင့်ပေးမယ့် အစီအစဉ်ကို ၂၀၁၄-၂၀၁၅ အတွက် ကျောင်းတိုးမြှင့်ပေးမယ့် အစီအစဉ်ကို ကျွန်တော်တို့ ၂၀၁၄၊ ဖေဖော်ဝါရီလလောက်မှာ ဆောင်ရွက်ဖို့ရာ ရည်ရွယ် ထားပါတယ်ဆိုတဲ့အကြောင်း တင်ပြရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ**။ ။ လုပ်ငန်းဇယားအရ အခု မဆွဲသေးဘဲနဲ့ ဒါလေးတွေ မှတ်ထားဖို့ လိုပါတယ်။ ဆွဲတဲ့အချိန်မှာ ဦးစားပေးပြီးတော့ ထည့်ဆွဲဖို့ မေတ္တာရပ်ခံပါတယ်။

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာအထူးစီးပွားရေးဇုန် ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသား လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော မြန်မာအထူး စီးပွားရေးဇုန် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော် ကိုယ်စားလှယ် မရှိတဲ့အတွက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင် ထားသည့်အတိုင်း တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၁)၊ အပိုဒ် ၂

ဤဥပဒေသည် ပုဒ်မ ၅ နှင့် ပုဒ်မ ၆ တို့အရ တည်ထောင်သော အထူးစီးပွားရေးဇုန် အားလုံးနှင့် သက်ဆိုင်စေရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁)၊ အပိုဒ် ၂ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁)၊ အပိုဒ် ၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၁)၊ အပိုဒ် ၃(တ)(ထ)တို့ကို အပိုဒ် ၃(ဆ)(ဇ) အဖြစ် ပြောင်းလဲအမှတ်စဉ်ထားပြီး အပိုဒ် ၃(န) ကို အပိုဒ် ၆၄ တွင် တပေါင်းတည်း ထည့်သွင်း၍ အခန်း(၁၄)၊ အပိုဒ် ၆၅ အဖြစ် ပြောင်းလဲဖော်ပြထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁)၊ အပိုဒ် ၃(ဆ)(ဇ) နှင့် အခန်း(၁၄)၊ အပိုဒ် ၆၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၂)၊ အပိုဒ် ၄(ဃ)

နိုင်ငံတော်နှင့် အခြားနိုင်ငံများအကြား စက်မှုလုပ်ငန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး လုပ်ငန်း၊ ဝန်ဆောင်မှုနှင့် ငွေရေးကြေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရန်နှင့် နိုင်ငံသားများအား အသက်မွေးဝမ်းကျောင်းပညာ သင်ကြားနိုင်မည့် အခွင့်အလမ်းများ ရရှိစေရန် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၂)၊ အပိုဒ် ၄(ဃ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၂)၊ အပိုဒ် ၄(ဃ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၅)၊ အပိုဒ် ၂၁(က)

အခန်း(၃)

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) အထူးစီးပွားရေးဇုန် တည်ထောင်ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် သင့်လျော်သော ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ် တစ်ဦးကို ဥက္ကဋ္ဌ အဖြစ် လည်းကောင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန၊

အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ သင့်လျော်သော ပုဂ္ဂိုလ်များကို အဖွဲ့ဝင်များ အဖြစ် လည်းကောင်း ပါဝင်စေလျက် မြန်မာအထူး စီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ကို ဖွဲ့စည်းရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၅)၊ အပိုဒ် ၂၁(က) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၃)၊ အပိုဒ် ၅(က) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၅)၊ အပိုဒ် ၂၂(ဂ)(ဃ) ကို အခန်း(၃)၊ အပိုဒ် ၆(က)(ခ) အဖြစ် ပြောင်းလဲ အမှတ်စဉ်ထား ပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၃)၊ အပိုဒ် ၆(က)(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၅)၊ အပိုဒ် ၂၂(က)(ခ)၊ အခန်း(၃)၊ အပိုဒ် ၇

အခန်း(၆)

၁၄။ ဗဟိုအဖွဲ့သည် -

(က) ရင်းနှီးတည်ဆောက်သူကို တင်ဒါခေါ်၍ အပြည်ပြည်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရွေးချယ်နိုင်သည်၊

(ခ) အထူးစီးပွားရေးဇုန်တွင် ရင်းနှီးတည်ဆောက်သူကို အခြားနည်းဖြင့် ရွေးချယ် မည်ဆိုပါက နိုင်ငံတော်နှင့် နိုင်ငံသားများအား အကျိုးရှိစေနိုင်မှု၊ စီမံကိန်းကို လျင်မြန်စွာ အကောင်အထည်ဖော်နိုင်မှုနှင့် အများပြည်သူ ပါဝင်နိုင်ပြီး ပွင့်လင်း မြင်သာမှု တို့ကို ထည့်သွင်းစဉ်းစားလျက် အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု အတွေ့အကြုံ ရှိသူအား ဦးစားပေး ရွေးချယ်နိုင်သည်။

၁၅။ နိုင်ငံခြားသားများသည် အထူးစီးပွားရေးဇုန်အတွင်းတွင် သက်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ခွင့်ပြုသည့် မည်သည့်လုပ်ငန်းကိုမဆို ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့်သော်လည်းကောင်း၊ နိုင်ငံသားဖြင့် ဖက်စပ်ပြု၍ သော်လည်းကောင်း လုပ်ကိုင်နိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၅)၊ အပိုဒ် ၂၂(က)(ခ)၊ အခန်း(၃)၊ အပိုဒ် ၇ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၆)၊ အပိုဒ် ၁၄(က)(ခ)နှင့် အပိုဒ် ၁၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၄)၊ အပိုဒ် ၁၅

အခန်း(၇)

၂၃။ ကင်းလွတ်ဇုန်တွင်တည်ရှိသော ကုန်ထုတ်လုပ်ငန်းများ သို့မဟုတ် ကင်းလွတ်ဇုန်လုပ်ငန်းများသည် အဓိကအားဖြင့် ပြည်ပပို့ကုန် အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ဖြစ်ရမည်။ ပြည်ပပို့ကုန်အား ဦးတည်သည့်လုပ်ငန်းများ မဟုတ်သော်လည်း ကင်းလွတ်ဇုန်ရှိ လုပ်ငန်းများက ကုန်ထုတ်

လုပ်ငန်း လုပ်ကိုင်နိုင်ရေးအတွက် တစ်ပိုင်းတစ်စ ကုန်ချောများ သို့မဟုတ် အစိတ်အပိုင်းများ၊ အပိုပစ္စည်းများ ထုတ်လုပ်သည့် အထောက်အကူပြုလုပ်ငန်းနှင့် ကုန်ထုတ်လုပ်ငန်းများ မဟုတ်သော်လည်း ပြည်ပပို့ကုန်အား ဦးတည်သည့် လုပ်ငန်းများလည်း ကင်းလွတ်ဇုန်၌ တည်ရှိနိုင်သည်။ ကင်းလွတ်ဇုန်နှင့် လုပ်ငန်းမြှင့်တင်ရေးဇုန်များ သီးခြားသတ်မှတ်ခြင်း မရှိသည့် အထူးစီးပွားရေးဇုန်တွင် ယင်းအထောက်အကူပြု လုပ်ငန်းများနှင့် ပြည်ပပို့ကုန်အား ဦးတည်သည့် လုပ်ငန်းများကို ကင်းလွတ်ဇုန်လုပ်ငန်းများ ဟု သတ်မှတ်နိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၄)၊ အပိုဒ် ၁၅ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၇)၊ အပိုဒ် ၂၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၁၀)၊ အပိုဒ် ၄၃(က)

၄၄။ သွင်းကုန်ဆိုင်ရာ အခွန်အခ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို အောက်ပါအတိုင်း ခံစားခွင့်ရှိသည်-

(က) ရင်းနှီးတည်ဆောက်သူသည် အခြေခံအဆောက်အအုံများ နှင့် ကိုယ်ပိုင်ရုံးခန်းများ တည်ဆောက်ရန် ဆောက်လုပ်ရေးပစ္စည်းများ၊ စက်ပစ္စည်းကိရိယာများ၊ စက်ယန္တရားကြီးများ၊ လုပ်ငန်းသုံး မော်တော်ယာဉ်များနှင့် လုပ်ငန်းသုံးပစ္စည်းများကို ပြည်ပမှတင်သွင်းရာတွင် အကောက်ခွန်နှင့် အခြားအခွန်အခများ ကင်းလွတ်ခွင့်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၀)၊ အပိုဒ် ၄၃(က) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၀)၊ အပိုဒ် ၄၄(က)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၁၄)၊ အပိုဒ် ၆၄

၆၅။ အကောက်ခွန်ဦးစီးဌာနသည် အကောက်ခွန် ရှင်းလင်းရေးလုပ်ငန်းများ ချောမွေ့ အဆင်ပြေစေရန် ကုန်ပစ္စည်းများကို ထုတ်ယူခွင့်ပြုပြီးနောက် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုတွင် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ပါဝင်သော ကုမ္ပဏီများ၊ လူပုဂ္ဂိုလ်များစသည့် ကုန်ပစ္စည်း တင်သွင်း၊ တင်ပို့သူများက ထိန်းသိမ်းထားသော စာရင်းစာအုပ်များ၊ မှတ်တမ်းမှတ်ရာများ၊ လုပ်ငန်းစနစ်များ နှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ သတင်းအချက်အလက်များကို အကောက်ခွန်ဌာနမှ ကျေနပ်သည်အထိ စစ်ဆေးနိုင်သည့် နှောင်းစာရင်း စစ်ဆေးခြင်းနည်းလမ်းကို အသုံးပြုခွင့်ရှိသည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၄)၊ အပိုဒ် ၆၄ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၄)၊ အပိုဒ် ၆၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၁၈)၊ အပိုဒ် ၉၄(က)

၉၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) တာဝန်ခံ ပြည်ထောင်စုဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၈)၊ အပိုဒ် ၉၄(က) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၈)၊အပိုဒ် ၉၅(က) သည် ဤဥပဒေကြမ်း ၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၃)ကို အခန်း(၆)အဖြစ်လည်းကောင်း၊ အခန်း(၄)ကို အခန်း(၇)အဖြစ် လည်းကောင်း၊ အခန်း(၅)ကို အခန်း(၃)အဖြစ် လည်းကောင်း၊ အခန်း(၆)ကို အခန်း(၄)အဖြစ် လည်းကောင်း၊ အခန်း(၇)ကို အခန်း(၅)အဖြစ်လည်းကောင်း ပြောင်းလဲပြင်ဆင်ထားပြီး ပြောင်းလဲသွားသော အခန်းများတွင် အပိုဒ်၊ အပိုဒ်ခွဲများကိုလည်း ပြောင်းလဲအမှတ်စဉ် ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်းခေါင်းစဉ်များနှင့် ပြောင်းလဲသွားသော အခန်း၊ အပိုဒ်၊ အပိုဒ်ခွဲများသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် တတိယနေ့အစည်းအဝေး ရပ်နားကြောင်းနှင့် စတုတ္ထနေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၁၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် အဌမပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် အဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၇ ရက် (တနင်္လာနေ့) နံနက်(၁၀း၀၀)အချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် အဌမပုံမှန်အစည်းအဝေး တတိယနေ့ကို ၁၁း၁၆ နာရီအချိန်တွင် ရပ်နားပါသည်။]